## အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ

## သုတပဒေသာ (အသုံးချသိပ္ပံ) အဖွဲ့ဝင်၏မှတ်ချက်

"ကျေးလက်စီးပွားပြည်သူ့အား" စာအုပ်တွင် စိုက်ပျိုးရေး မွေးမြူရေးနှင့် အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းများကို အပိုင်းသုံးပိုင်းခွဲကာ ဆက်စပ်တင်ပြထားသည်။ မြန်မာနိုင်ငံသည် စက်မှုနိုင်ငံအဖြစ် ထူထောင်နေသော်လည်း စိုက်ပျိုးရေးကို အခြေပြုလျက်ရှိပါသည်။ ဤစာအုပ်တွင် စာရေးသူတင်ပြထားသည့် အပိုင်းသုံးပိုင်းစလုံးမှာ ကုန်ထုတ်လုပ်မှုကို တိုက်ရိုက်အကျိုးပြုနေကြောင်း တွေ့ရသည်။ မိုးလေဝသနှင့်သီးနှံစိုက်ပျိုးမှု၊ စိုက်ပျိုးရေးနှင့် မြေဆီလွှာ၊ ပိုးမွှားအန္တရာယ်အမျိုးမျိုးနှင့် ကာကွယ်ရေးတို့ကို စုစည်းတင်ပြသည်။ တစ်နိုင်တစ်ပိုင်မွေးမြူရေးမှ စီးပွားဖြစ် မွေးမြူရေးနှင့် မွေးမြူရေးအတွက် လိုအပ်ချက်များကိုလည်း ဖော်ပြသည်။ အိမ်တွင်းမှုလုပ်ငန်းတွင် စက်မှုသီးနှံများထုတ်လုပ်မှုမှအစ သွားရည်စာ ယိုလုပ်ငန်းအထိ အသေးစိတ်ပြုစုပေးထားသည်။ ဤသို့ရေးသားပြုစုရာတွင် ပညာရှင်တစ်ဦးက ပညာတတ်များသာ ဖတ်ရှုနိုင်သည့်အရေးအသားမျိုးမဟုတ်ဘဲ သာမန်လယ်သမားတစ်ဦးက ဖတ်ရှုလေ့လာကာ အကောင်အထည်ဖော်နိုင်သည့်နည်းများဖြစ်ကြောင်း တွေ့ရသည်။ မြန်မာနိုင်ငံ၏ ၇၀ ရာခိုင်နှုန်းခန့်သောလူဦးရေသည် ကျေးလက်ဒေသများတွင်နေထိုင်လျက်ရှိပြီး လယ်ယာကုန်ထုတ်လုပ်ငန်းကိုဆောင်ရွက်နေကြသူများဖြစ်သည်။ ၎င်းတို့အတွက် နည်းပညာပိုင်းပညာပေးခြင်းထက် စီးပွားရေးပိုင်းခိုင်မာအောင်နှင့် မိသားစုစီးပွားပြေလည်ရေးအတွက် လမ်းပြပေးထားသည်။ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ကူးပြောင်းနေချိန်ဖြစ်၍ ပေ့ါပေ့ါတန်တန်မထားအပ်ကြောင်း စာရေးသူက တိုက်တွန်းထားပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းစဉ်ကြီးငါးရပ်ကို အထောက်အကူပြုပါသဖြင့် သုတပဒေသာ (အသုံးချသိပ္ပံ) အဖွဲ့ဝင်က "ကျေးလက်စီးပွားပြည်သူ့အား" စာအုပ်ကို အမျိုးသားစာပေဆု၊ သုတပဒေသာ (အသုံးချသိပ္ပံ)အတွက် ရွေးချယ်ခဲ့ခြင်းဖြစ်ပါသည်။